# တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖြေရှင်းပေးသောရွှေသော့

《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》စာအုပ်ကို နိုင်ငံနှင့်ဒေသပေါင်း(၁၆၀)ကျော်တွင် ရေပန်းစားဖြန့်ဝေရောင်းချနေရသည်။ ပြည်ပတွင် စာအုပ်စုစုပေါင်း(၅)သိန်းကျော် ထုတ်ဝေနှုန်းရှိခဲ့ရာ ပြုပြင်ပြောင်းလဲဖွင့်လှစ်သည့်နောက်ပိုင်း နိုင်ငံခြားပြည်ပတွင် ထိရောက်မှုအားအရှိဆုံးသော တရုတ်နိုင်ငံခေါင်းဆောင်ရေးသားထုတ်ဝေသည့်စာအုပ်ဖြစ်လာခဲ့သည်။




"နိုင်ငံခြားသားများစွာသည် တရုတ်နိုင်ငံခေါင်းဆောင်မှ နိုင်ငံကိုမည်သို့အုပ်ချုပ်သည်ကို အထူးသိလိုကြသည်။ အဲဒီအချိန်မှာပင် ဘာသာစကားများစွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သော တရုတ်နိုင်ငံတော်သမ္မတ၏ ဤစာအုပ်သည် ဒီမေးခွန်းတွေအတွက် ဖြေရှင်းပေးနိုင်ပေသည်။" ဂျာမဏီနိုင်ငံနာမည်ကျော်တရုတ်ရေးရာပညာရှင်နန်ရင်းကော်သည် တရုတ်နိုင်ငံနေရာအတော်များများတွင် နေထိုင်ခဲ့ဖူးကာ တရုတ်နိုင်ငံရေးရာအပေါ် နက်ရှိုင်းသော သုတေသနများလုပ်ခဲ့သည်။ "《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》စာအုပ်ထုတ်ဝေဖြန့်ချိလိုက်ခြင်းသည် အချိန်အခါသင့်လှပါပေသည်။"ဟု ပြောကြားသွားသည်။

《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》သည် နိုင်ငံတော်ကောင်စီသတင်းနှင့် ပြန်ကြားရေးရုံးနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုစာပေသုတေသနဌာန၊ တရုတ်နိုင်ငံ နိုင်ငံခြားဘာသာညွန်ကြားမှုဦးစီးဌာနအတူတည်းဖြတ်ခဲ့သည်။ ၂၀၁၄ခုနှစ် စက်တင်ဘာလ(၂၈)ရက်နေ့က နိုင်ငံခြားဘာသာဖြန့်ချီရေးဌာနမှ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ အာရပ်၊ စပိန်၊ ပေါ်တူကီ၊ ဂျပန်စသည့် ဘာသာစကား(၉)မျိုး၊ ပုံစံ(၁၀)မျိုးဖြင့် တစ်ကမ္ဘာလုံးတွင်ထုတ်ဝေဖြန့်ချီခဲ့သည်။ စတင်ဖြန့်ချီချိန်ကတည်းက တစ်ကမ္ဘာလုံးတွင် များစွာတက်ကြွသော တုံ့ပြန်ချက်များကိုရရှိခဲ့ရာ နိုင်ငံတကာလူမှုရေးမှ ယခုခေတ်တရုတ်ကို သိကျွမ်းနားလည်ရန် အလေးပါသည့်ပြတင်းပေါက်၊ တရုတ်နိုင်ငံမေးခွန်းများကို ဖြေကြားပေးသည့် သော့တစ်ချောင်းဖြစ်သည်ဟု ခေါ်ဝေါ်ခံရသည်။


ယနေ့ထိတိုင် 《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》သည် ဘာသာစကားအမျိုးအစား(၂၁)မျိုး၊ ပုံစံ(၂၄)ခုဖြင့်ဖြန့်ချီပြီးအုပ်ရေစုစုပေါင်း(၆.၄၂)သန်းထုတ်ဝေခဲ့သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသပေါင်း(၁၆၀)ကျော်သို့ ထုတ်ဝေဖြန့်ချီခဲ့ရာ နိုင်ငံခြားပြည်ပထုတ်ဝေမှုအားမှာ (၅)သိန်းအုပ်ကို ကျော်လွန်ပြီဖြစ်သည်။ ပြုပြင်ပြောင်းလဲဖွင့်လှစ်သည့်နောက်ပိုင်း နိုင်ငံခြားပြည်ပတွင် ဂရုစိုက်မှု၊ ထိရောက်မှုအားအရှိဆုံးသော တရုတ်နိုင်ငံခေါင်းဆောင်၏စာအုပ်ဖြစ်လာခဲ့သည်။ ရောင်းအားကောင်းသည့် ဤစာအုပ်၏ နိုင်ငံခြားပြည်ပတွင် ကြော်ငြာသည့် လုပ်ဆောင်ချက်နှင့် အတွေ့အကြုံများကို သေချာစွာစဉ်းစားအတုယူဖွယ် ကောင်းပါသည်။ ထုတ်ဝေမှုအခမ်းအနားနှင့် သုတေသနဆွေးနွေးပွဲပေါင်းများစွာကို ကျင်းပခဲ့ခြင်းဖြင့် တစ်ကမ္ဘာလုံးတွင် တက်ကြွသော တုံ့ပြန်မှုအားများစွာရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၄ခုနှစ် အောက်တိုဘာလ(၈)ရက်နေ့မှာ Frankfurt နိုင်ငံတကာစာပေပြပွဲတွင်《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》ဘာသာပေါင်းစုံ ဦးဆုံးထုတ်ဝေပွဲအခမ်းအနားကိုကျင်းပခဲ့သည်။ 《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》သည် သမ္မတရှီကျင့်ဖျင်နှင့် တရုတ်နိုင်ငံခေါင်းဆောင်များ၏ခံယူချက်ကိုရှင်းလင်းခဲ့ပြီး ကျွန်တော်တို့တရုတ်နိုင်ငံနိုင်ငံရေးကို နားလည်သိရှိရန်ထောက်ကူပေးကြောင်း၊ စာအုပ်ထဲတွင် ဖော်ပြထားသော တရုတ်အမျိုးသား ပြန်လည်နလံထူလိုသောအိပ်မက်၏ ဖြစ်မြောက်အကောင်အထည်ဖော်ခြင်းနှင့် ဖွင့်လှစ်၊ တည်ငြိမ်၊ ချမ်းသာသော တရုတ်နိုင်ငံထွက်ပေါ်ခြင်းသည် ဥရောပတိုက်၏ အကျိုးအမြတ်နှင့်လည်း ကိုက်ညီကြောင်း ဂျာမဏီ နိုင်ငံဝန်ကြီးချုပ်ဟောင်း Gerhard Fritz Kurt Schroderu စာအုပ်ပထမဦးဆုံးထုတ်ဝေပွဲ အခမ်းအနားတွင်ပြောကြားဖော်ပြခဲ့သည်။

《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》ထုတ်ဝေစဉ်ကစပြီး ဂျာမဏီ၊ ပါကစ္စတန်၊ ကိုရီးယား၊ ဗီယက်နမ်၊ ပီရူး၊ နီပေါ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တူရကီ၊ ဟန်ဂေရီစသည့် နိုင်ငံများတွင် စာအုပ်ဦးဆုံးထုတ်ဝေပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ယခုနှစ်ဧပြီလ (၇)ရက်နေ့ အဆိုပါစာအုပ်၏ ထိုင်းဘာသာစကားစာအုပ် ပထမဦးဆုံးထုတ်ဝေပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ညီလာခံအဆောက်အဦးတွင် ကျင်းပခဲ့သည်။ "《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》သည် အထူးသင်ယူလေ့လာဖွယ်ကောင်းသော ဗဟုသုတရတနာသိုက်တစ်ခုဖြစ်သည်။ ယင်းသည် သမ္မတရှီကျင့်ဖျင်၏ နိုင်ငံအုပ်ချုပ်ရေး အဘိဓမ္မာအတွေးအခေါ်နှင့် ကျယ်ပြန့်သောရှုမြင်မှုကို သေစိတ်စွာရေးဆွဲပြသခဲ့ရာ ယခုထိုင်းဘာသာစကားသို့ ဘာသာပြန်ထားခြင်းကြောင့် ပိုများသော ထိုင်းနိုင်ငံပြည်သူ ပြည်သားများဖတ်ရှုလေ့လာနိုင်ပြီဖြစ်သည်။"ဟု ထိုင်းနိုင်ငံ ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ ဖုန်ပေကမိန့်ခွန်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ်အဖွဲ့ အစည်းအဝေးတွင်လည်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ပါယူက ဤစာအုပ်ကို ဖတ်ကြရန် မိတ်ဆက်အကြံပေးခဲ့သည်။ လူတိုင်းသေချာဖတ်သင့်သည်ဟု မျှော်လင့်ကြောင်း တိုက်တွန်းပြောကြားသွားသည်။

ကမ္ဘောဒီးယား၊ အင်္ဂလန်၊ အမေရိကန်၊ တောင်အာဖရိက၊ အိန္ဒိယ၊ ချက်ကိုစလိုဖက်၊ ပြင်သစ်၊ ကာဂျစ်စတန်၊ အီဂျစ်၊ အာရပ်စော်ဘွားစသည့် နိုင်ငံများတွင်လည်း 《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》နှင့်သက်ဆိုင်သည့် သုတေသနဆွေးနွေးပွဲများကျင်းပခဲ့သည်။ ၂၀၁၅ခုနှစ် မေလ အမေရိကန်နိုင်ငံစာပေပြပွဲ တရုတ်နိုင်ငံအဓိကဧည့်သည်အစီအစဉ်တွင် အဆိုပါစာအုပ်၏ အင်္ဂလိပ်ဘာသာကော်လံသုတေသနဆွေးနွေးကြော်ငြာပွဲကို တပြိုင်တည်းကျင်းပခဲ့ပါသည်။ ယင်းသည် အမေရိကန်နိုင်ငံ စာအုပ်ဈေးကွက်ပေါ်တွင် ဦးဆုံးစုဝေးကြော်ငြာပြသခြင်း ဖြစ်သည်။ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Henry Alfred Kissingerက ယင်းအတွက်ဂုဏ်ပြုစာရေးခဲ့သည်။ "ဒီစာအုပ်ကခေါင်းဆောင်တစ်ယောက်၊ နိုင်ငံတစ်ခုနှင့် နှစ်ထောင်ချီရှိသောယဉ်ကျေးမှုကို သိကျွမ်းနားလည်စေသည့် နက်ရှိုင်းသောပြတင်းပေါက်တစ်ခုဖြစ်သည်။"ဟု လက်ဆောင်စကားရေးသားခဲ့သည်။

၂၀၁၆ခုနှစ် ဇွန်လကမ္ဘာပေါ်တွင် ပထမဆုံးသော တရုတ်စာအုပ်စင်တာကို ပိုလန်ဟွာဆားလူမှုပညာနှင့် လူမှုသိပ္ပံပညာ အရှေ့တောင်အာရှသုတေသနစင်တာကိုတရားဝင်ဆိုင်းဘုတ်တင် ဖွင့်ပွဲကျင်းပခဲ့သည်။ ပူးပေါင်းဆောင်ရွက်ရေးအကြောင်းအရာတစ်ခုဖြစ်သော နိုင်ငံခြားဘာသာ ထုတ်ဝေဌာနသည် စင်တာထံ 《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》ပါဝင်သည့် တရုတ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ စာပေစသည့်ခေါင်းစဉ်များပါသောတရုတ်ခေါင်းစဉ်ပါ စာအုပ်ပေါင်း(၂၀၀)ကျော်ကို လက်ဆောင်ပေးခဲ့သည်။ ယခုနောက်(၅)နှစ်အတွင်း နှစ်စဉ်နှစ်တိုင်း စင်တာထံ တရုတ်စာအုပ်ပေါင်း(၃၀၀)ကျော်ကို အခမဲ့လက်ဆောင်ပေးမည်ဖြစ်သည်။ အသေးစိတ် စာအုပ်စာရင်းကို နှစ်ဦးနှစ်ဖက်မှ အတူရွေးချယ်ကြမည်ဖြစ်သည်။




ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn